# YCDC ELECTION (2014) OBSERVATION REPORT

New Myanmar Foundation

Abstract

နှစ်ပေါင်း (၆၀)ကျော်အတွင်း မြန်မာနိုင်ငံတွင် ပထမဆုံးအကြိမ်အဖြစ် ပြန်လည်ကျင်းပသည့် စည်ပင် သာယာရေးကော်မတီ ရွေးကောက်ပွဲသည် (၂၀၁၄) ခုနှစ်၊ ဒီဇင်ဘာလ (၂၇) ရက်နေ့တွင် ကျင်းပပြီးစီးခဲ့သည်။

May 1st, 2014

Mya Nandar Thin, Kyaw Htin

# Contents


တွေ့ရှိချက်အကျဉ်းချုပ် ..... 2

အကြံပြုချက်အကျဉ်းချုပ် ..... 3

နိဒါန်း ..... 4

ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ နောက်ခံသမိုင်းအကျဉ်း ..... 5

ရွေးကောက်ပွဲအကြောင်း ..... 7

လေ့လာစောင့်ကြည့်ခြင်း နည်းစနစ် ..... 8

လူထုစစ်တမ်း ..... 9

ရွေးကောက်ပွဲ စောင့်ကြည့်လေ့လာခြင်းဆိုင်ရာ တွေ့ရှိချက်များ ..... 17

ရွေးကောက်ပွဲဆိုင်ရာ ဥပဒေမူဘောင်များအပေါ် သုံးသပ်ချက်များ ..... 17

စည်ပင်ရွေးကောက်ပွဲကော်မရှင်အပေါ် တွေ့ရှိချက်များ ..... 19

မဲဆွယ်စည်းရုံးခြင်း ..... 19

မဲဆန္ဒရှင်စာရင်းနှင့်ပတ်သက်သည့် တွေ့ရှိချက်များ ..... 21

မဲဆန္ဒရှင်များ ကြုံတွေ့ရသည့် အခက်အခဲများ ..... 22

မဲပေးသည့်နေ့တွင် ကြုံတွေ့ရသည့် တွေ့ရှိချက်များ ..... 23

အကြံပြုတင်ပြချက်များ ..... 24

နိဂုံး ..... 25

New Myanmar Foundation (NMF) အဖွဲ့အကြောင်းအကျဉ်းချုပ် ..... 26

နောက်ဆက်တွဲ (၁) – အုပ်ချုပ်မှုနှင့် စည်ပင်မြို့နယ်များ နှိုင်းယှဉ်ချက် ..... 27

စည်ပင်နယ်နမိတ်တွင် တစ်စိတ်တစ်ပိုင်း (သို့မဟုတ်) အကုန်လုံးမပါဝင်သောမြို့နယ်များ ..... 29

နောက်ဆက်တွဲ (၂) – မြို့နယ်အလိုက် မဲရုံအရေအတွက် ..... 30

နောက်ဆက်တွဲ (၃) - ကော်မတီအဆင့်ဆင့် ရွေးချယ်ပုံ ..... 32

# ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ရွေးကောက်ပွဲနှင့်ပတ်သက်၍ လေ့လာစောင့်ကြည့်ခြင်းအစီရင်ခံစာ

## တွေ့ရှိချက်အကျဉ်းချုပ်

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီရွေးကောက်ပွဲအား လေ့လာစောင့်ကြည့်ခြင်းမှ တွေ့ရှိချက်များကို အကျဉ်းချုပ်ဖော်ပြရလျှင် မဲဆန္ဒရှင်များ ပူးပေါင်းပါဝင်လာစေရန်/အပြည့်အဝအောင်မြင်သည့် ရွေးကောက်ပွဲတစ်ခုဖြစ်စေရန် စည်ပင်ရွေးကောက်ပွဲကော်မရှင်၏ ပူးပေါင်းဆောင်ရွက်မှုများ အားနည်းခြင်း၊ ပြည်သူလူထုကို လုံလောက်သော အသိပညာပေးမှုနည်းပါးခြင်း၊ ကိုယ်စားလှယ်လောင်းများအနေဖြင့် အသိပညာပေး၊ စည်းရုံး လှုံ့ဆော်ရန် လုံလောက်သည့်အချိန်မရရှိခြင်း စသည်တို့ကြောင့် စည်ပင်ရွေးကောက်ပွဲအပေါ် လူထုအနေဖြင့် စိတ်ဝင်စားမှုလွန်စွာနည်းပါးခဲ့သည်ကို တွေ့ရှိရသည်။ နှစ်ပေါင်း (၆၀)ကျော်အတွင်း ပထဆုံးအနေဖြင့် ပြန်လည်ကျင်းပသည့် ရွေးကောက်ပွဲဖြစ်ပြီး၊ ပြည်သူအများစုအနေဖြင့် ဤရွေးကောက်ပွဲသည် လူထုအတွက် အကျိုးပြုမည်၊ ထူးခြားမှုရှိမည်ဆိုသည့်အပေါ် သံသယရှိနေကြသည်ကို တွေ့ရှိရပါသည်။

ရွေးကောက်ပွဲအတွက် ကြိုတင်အချိန်ယူပြင်ဆင်မှု အားနည်းခြင်း၊ အရပ်ဖက်အဖွဲ့အစည်းများ၊ သတင်းမီဒီယာများနှင့် ပူးပေါင်းဆောင်ရွက်မှုအားနည်းခြင်း၊ ဒေသန္တရရွေးကောက်ပွဲတစ်ခုအတွက် လုံလောက်သည့် ကျွမ်းကျင်မှုများ အားနည်းခြင်း၊ အများပြည်သူ၏ ပူးပေါင်းဆောင်ရွက်ခွင့်မရရှိခြင်း စသည်တို့ကြောင့် စနစ်ကျနမှုအားနည်းသော ရွေးကောက်ပွဲတစ်ခုဟု ခြုံငုံသုံးသပ်နိုင်သည်။ ထို့အပြင် ရွေးကောက်ပွဲတစ်ခုအား အများယုံကြည်လက်ခံနိုင်ရန် ပွင့်လင်းမြင်သာမှုမှာလည်း မေးခွန်းထုတ်စရာများ များစွာရှိခဲ့သည်။

# အကြံပြုချက်အကျဉ်းချုပ်

1. ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ ရွေးကောက်တင်မြှောက်ခြင်းဆိုင်ရာ နည်းဥပဒေအား အများ ပြည်သူ ကျေလည်စွာ လက်ခံနိုင်သည့် ဥပဒေများဖြစ်လာစေရန် ပြန်လည်ပြင်ဆင်သင့်သည်။
2. စည်ပင်ရွေးကောက်ပွဲအတွက် လုံလောက်သောပြင်ဆင်ချိန်ပေးနိုင်ရန်အတွက် ရွေးကောက်ပွဲအား လုံလောက်သောအချိန်ကာလတစ်ခု၌ ကြိုတင်ကြေငြာသင့်သည်။
3. ရွေးကောက်ပွဲ လေ့လာစောင့်ကြည့်ရေးအဖွဲ့အများအား စည်ပင်ရွေးကောက်ပွဲကို လေ့လာ စောင့်ကြည့်နိုင်ရန် တရားဝင်ခွင့်ပြုပေးသင့်သည်။
4. ရွေးကောက်ပွဲလုပ်ငန်းစဉ်တိုင်းအတွက် တိကျသည့်လုပ်ငန်းစဉ်များကို ကြိုတင်ချမှတ်ရေးဆွဲထား သင့်သည်။
5. စည်ပင်ရွေးကောက်ပွဲကော်မရှင်ဝန်ထမ်းများနှင့် မဲရုံဝန်ထမ်းများအား ရွေးကောက်ပွဲဆိုင်ရာ စွမ်းရည် မြင့်တင်ရေးသင်တန်းများကို ပိုမိုပို့ချသင်ကြားပေးရန် အကြံပြုပါသည်။
6. မဲဆန္ဒရှင်ပြည်သူများအတွက် မဲဆန္ဒရှင်အသိပညာပေးမှုများ၊ ရွေးကောက်ပွဲသတင်းအချက်အလက် များအား ဖြန့်ဖြူးဆောင်ရွက်ပေးရန် အကြံပြုပါသည်။
7. ရွေးကောက်ပွဲလုပ်ငန်းစဉ်များတွင် ကဏ္ဍစုံမှအဖွဲ့အစည်းများ၊ ပြည်သူများနှင့် ပူးပေါင်းဆောင်ရွက် ရန် အကြံပြုပါသည်။
8. ရွေးကောက်ပွဲအပြီးတွင် ရွေးကောက်ပွဲမသမာမှုများ၊ အရည်အချင်းပျက်ယွင်းမှုများနှင့်ပတ်သက်ပြီး စည်ပင်ရွေးကောက်ပွဲကော်မရှင်မှ ခုံရုံးများဖြင့် ပြင်ဆင်ထားရှိရန် အကြံပြုပါသည်။

မှတ်ချက်။ ။အကြံပြုချက်များအား *အကြံပြုတင်ပြချက်များ* တွင်အသေးစိတ် ဖတ်ရှုနိုင်ပါသည်။

# နိဒါန်း

နှစ်ပေါင်း (၆၀)ကျော်အတွင်း မြန်မာနိုင်ငံတွင် ပထမဆုံးအကြိမ်အဖြစ် ပြန်လည်ကျင်းပသည့် စည်ပင်သာယာရေးကော်မတီ ရွေးကောက်ပွဲသည် (၂၀၁၄) ခုနှစ်၊ ဒီဇင်ဘာလ (၂၇) ရက်နေ့တွင် ကျင်းပပြီးစီးခဲ့သည်။ နှစ်ပေါင်းများစွာအတွင်း ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီအဆင့်ဆင့်အား ရွေးကောက်တင်မြှောက်နိုင်ရန်အတွက် ရွေးကောက်ပွဲ ကျင်းပပေးခဲ့သည်မှာ ဒီမိုကရေစီ အသွင်ကူးပြောင်းနေသည့် ပြည်ထောင်စုမြန်မာနိုင်ငံအတွက် ဒေသန္တရရွေးကောက်ပွဲနှင့်အတူ ဒီမိုကရေစီစနစ် အသက်ဝင်အမြစ်တွယ်လာစေရန် ကောင်းမွန်သည့်ဆောင်ရွက်ချက်ပင်ဖြစ်သည်။ ပြည်သူမှရွေးချယ်သော ပြည်သူ့ဒေသန္တရအစိုးရ တစ်ရပ်ဖြစ်ပေါ်လာစေသည့် ခြေလှမ်းအစပင်ဖြစ်သည်။

New Myanmar Foundation (NMF) သည် နောင်လာမည့်ရွေးကောက်ပွဲများ ဂုဏ်သိက္ခာမြင့်မားလာစေရန်၊ ရွေးကောက်ပွဲများတွင် မဲဆန္ဒရှင်ပြည်သူလူထု၏ ယုံကြည်မှုနှင့်အတူ၊ ၎င်းတို့၏ ပူးပေါင်းပါဝင်မှုမြင့်မားလာစေရန်နှင့် မဲဆန္ဒရှင်ပြည်သူလူထု၏ နိုင်ငံသားအခွင့်အရေးများကို အပြည့်အဝရရှိစေရန် ရည်ရွယ်ပြီး၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီရွေးကောက်ပွဲကို လေ့လာစောင့်ကြည့်မှုများ ပြုလုပ်ခဲ့ပါသည်။ မိမိတို့ NMF အဖွဲ့သည် ရန်ကုန်မြို့တော်စည်ပင်သာယာရေး နယ်နိမိတ်အတွင်းရှိ ခရိုင်သုံးခုတွင် စေတနာ့ဝန်ထမ်း လေ့လာစောင့်ကြည့်သူဦးရေစုစုပေါင်း (၂၀၈) ဦးအားစုစည်း၍ ရွေးကောက်ပွဲအား လေ့လာစောင့်ကြည့်ခဲ့ပါသည်။



# ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ နောက်ခံသမိုင်းအကျဉ်း

(၁၈၇၄) ခုနှစ်၊ မတ်လ (၂၄) ရက်နေ့တွင် ရန်ကုန်မြူနီစီပယ်အက်ဥပဒေကို ပြဋ္ဌာန်းသည်။ ဥပဒေအရ (၁၈၇၄) ခုနှစ်၊ ဇူလိုင်လ (၁၃) ရက်နေ့တွင် မြူနီစီပယ်လူကြီး (၂၅) ယောက်အနက် (၁၉) ယောက်ကို အခွန်ထမ်းများက ရွေးကောက်၍ (၆) ယောက်ကို အစိုးရကရွေးကောက်တင်မြှောက်သည်။ ပထမဦးဆုံးဥက္ကဋ္ဌအဖြစ် ရွေးကောက်ခံရသူမှာ ပညာရေးဝန်ကြီးချုပ်ဟောင်း ဆရာဝန်ကြီးဦးဘရင်ဖြစ်သည်။

(၁၉၂၂) ခုနှစ်တွင် ရန်ကုန်မြူနီစီပယ်အက်ဥပဒေကို ပြဋ္ဌာန်းပြီး၊ ဥက္ကဋ္ဌမှ မြို့တော်ဝန်သို့ ကူးပြောင်းသည်။ ပထမ မြို့တော်ဝန်မှာ မစ္စတာမွန်ရှီ (ဝတ်လုံတော်ရ) ဖြစ်သည်။ (၁၉၅၆) ခုနှစ်တွင် မြူနီစီပယ်ရွေးကောက်ပွဲကို နောက်ဆုံးပြုလုပ်ခဲ့ပြီး၊ မြို့တော်ဝန်မှာ ဦးလှမောင်ဖြစ်သည်။

(၁၉၅၈) ခုနှစ်တွင် အိမ်စောင့်အစိုးရတက်လာပြီး၊ မြို့တော်ဝန်မှာ ဗိုလ်မှူးကြီးစောထွန်းစိန်ဖြစ်သည်။

(၁၉၇၄) ခုနှစ်၊ မတ်လ (၂၅) ရက်နေ့တွင် ရန်ကုန်မြူနီစီပယ်ကော်မတီကို ရန်ကုန်မြို့တော်စည်ပင်သာယာရေးအဖွဲ့ဟု ပြောင်းလဲခဲ့သည်။

(၁၉၈၄) ခုနှစ်၊ အောက်တိုဘာလ (၁၈) ရက်နေ့တွင် မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီခေတ် ပြည်သူ့လွှတ်တော် ဥပဒေအမှတ် (၅) ဖြင့် စည်ပင်သာယာရေးဥပဒေကို ပြဋ္ဌာန်းခဲ့သည်။

(၁၉၉၀) ခုနှစ်တွင် နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ ဥပဒေအမှတ် (၁၁/၉၀) ဖြင့် ရန်ကုန်စည်ပင် သာယာရေးဥပဒေကို ပြဋ္ဌာန်းခဲ့ပြီး၊ ဦးကိုလေးသည် တပ်မတော်အစိုးရလက်ထက်တွင် ပထမဦးဆုံးသော မြို့တော်ဝန် ဖြစ်လာသည်။ (၁၉၉၆) ခုနှစ်၊ ဇန်နဝါရီလ (၂၅) ရက်နေ့တွင် နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက် ရေးအဖွဲ့မှ ဥပဒေအမှတ် (၁၀/၉၆) ဖြင့် ရန်ကုန်မြို့တော်စည်ပင်သာယာရေး ဒုတိယဥက္ကဋ္ဌ (ရန်ကုန်မြို့တော် ဒုတိယမြို့တော်ဝန်)အား ဗိုလ်မှူးကြီးမောင်ပါကို ခန့်အပ်ခဲ့သည်။ (၁၉၉၉) ခုနှစ်၊ ဒီဇင်ဘာလ (၁၇) ရက်နေ့တွင် ရန်ကုန်မြို့တော်စည်ပင်သာယာရေးဥက္ကဋ္ဌ ဦးကိုလေးမှ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ လက်အောက်ရှိ ဌာနများ လိုက်နာဆောင်ရွက်ရန်အတွက် ရန်ကုန်မြို့တော်စည်ပင်သာယာရေး နည်းဥပဒေများကို ထုတ်ပြန်ခဲ့ပါသည်။

(၂၀၀၃) ခုနှစ်၊ ဩဂုတ်လ (၂၅) ရက်နေ့တွင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အမိန့်အမှတ် (၇/၂၀၀၃)ဖြင့် ဗိုလ်မှူးချုပ်အောင်သိန်းလင်းအား ရန်ကုန်မြို့တော်ဝန်အဖြစ် ခန့်အပ်ခဲ့သည်။ (၂၀၁၁) ခုနှစ်၊ မတ်လ (၃၀) ရက်နေ့တွင် နိုင်ငံတော်သမ္မတရုံးအမိန့်အမှတ် (၂၇/၂၀၁၁) ဖြင့် သံအမတ်ကြီး ဦးလှမြင့်အား ရန်ကုန်မြို့တော်ဝန်အဖြစ် ခန့်အပ်ခဲ့သည်။

(၂၀၁၃) ခုနှစ်၊ အောက်တိုဘာလ (၈) ရက်နေ့တွင် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်မှ ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်ဥပဒေအမှတ် (၆)၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးဥပဒေအသစ်ဖြင့် ပြဋ္ဌာန်းသတ်မှတ်ခဲ့ပြီး၊ (၂၀၁၄) ခုနှစ်၊ ဒီဇင်ဘာလ (၂၇) ရက်နေ့တွင် ကျင်းပမည့် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ အဆင့်ဆင့်ရွေးကောက်ပွဲသည် ယင်းဥပဒေပါအတိုင်း ကျင်းပဆောင်ရွက်ပေးခြင်းဖြစ်သည်။

# ရန်ကုန်မြို့တော် စည်ပင်သာယာရေး ကော်မတီ

# ရွေးကောက်ပွဲအကြောင်း

ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီအဆင့်ဆင့် ရွေးကောက်ပွဲ

ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီအဆင့်ဆင့်အား ရွေးချယ်သည့် ရွေးကောက်ပွဲအား ရန်ကုန်မြို့တော် ခရိုင်လေးခုရှိ စည်ပင်သာယာရေးနယ်နမိတ် မြို့နယ်ပေါင်း (၃၃) မြို့နယ်တွင် (*နောက်ဆက်တွဲ (၁) – အုပ်ချုပ်မှုနှင့် စည်ပင်မြို့နယ်များ နှိုင်းယှဉ်ချက်*တွင်ကြည့်ပါ။) အိမ်ထောင်စုဝင် အိမ်ထောင်ဦးစီး မဲဆန္ဒရှင်ပေါင်း (၄၀၉,၈၈၉) အား၊ မဲရုံပေါင်း (၁၀၈၆) ရုံဖွင့်လှစ်၍ (*နောက်ဆက်တွဲ (၂) – မြို့နယ်အလိုက် မဲရုံအရေအတွက်*တွင်ကြည့်ပါ။) မဲပေးရွေးချယ်စေခဲ့ သည်။ ရွေးချယ်သည့်ပုံစံမှာ မဲဆန္ဒရှင် တစ်ဦးအတွက် မြို့နယ်စည်ပင်သာယာရေးကော်မတီအတွက် (၃) ဦး၊ ခရိုင်စည်ပင်သာယာရေးကော်မတီ အတွက် (၃) ဦး၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီအတွက် သက်ဆိုင်ရာ ခရိုင်အလိုက်၊ ခရိုင်ကိုယ်စားလှယ် (၁) ဦး၊ စုစုပေါင်း (၇) ဦးအတွက် (၇) မဲပေးရွေးချယ်ရသည်။ ကော်မတီသုံးရပ် စုစုပေါင်း ကိုယ်စားလှယ်နေရာ (၁၁၅) နေရာအတွက်၊ ကျား (၂၆၁) ဦး၊ မ (၃၂) ဦး၊ စုစုပေါင်း (၂၉၃) ဦး ဝင်ရောက်ယှဉ်ပြိုင်ခဲ့သည်။ (*နောက်ဆက်တွဲ (၃) - ကော်မတီအဆင့်ဆင့် ရွေးချယ်ပုံ*တွင် ကြည့်ပါ။) မဲဆွယ်စည်းရုံးရေးကာလမှာ နိုဝင်ဘာလ (၈) ရက်နေ့မှ၊ ဒီဇင်ဘာလ (၂၆) ရက်နေ့ အထိ စုစုပေါင်း (၄၈) ရက်ထားရှိပေးသည်။ စည်ပင်ရွေးကောက်ပွဲအား (၂၀၁၄) ခုနှစ်၊ ဒီဇင်ဘာ (၂၇) ရက်နေ့တွင် တစ်ပြိုင်နက်တည်း ကျင်းပခဲ့သည်။



# လေ့လာစောင့်ကြည့်ခြင်း နည်းစနစ်

ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီအဆင့်ဆင့်ရွေးကောက်ပွဲတွင် New Myanmar Foundation (NMF) အနေဖြင့် ခရိုင်သုံးခုရှိ စည်ပင်နယ်နမိတ်မြို့နယ်ပေါင်း (၁၄) မြို့နယ် (၄၂.၄ %) တွင် ကာလရှည်/ကာလတို စောင့်ကြည့်လေ့လာသူ (၃၀) နှင့် ကာလတိုစောင့်ကြည့်လေ့လာသူ (၁၇၈) ဦး၊ စုစုပေါင်း (၂၀၈) ဦး (မဲရုံအရေအတွက်နှင့် နှိုင်းယှဉ်ချက်အရ ၁၉ %) တို့အား ရွေးကောက်ပွဲ လေ့လာစောင့်ကြည့်ရေး သင်တန်းများပို့ချပေး၍ စည်ပင်ရွေးကောက်ပွဲအား လေ့လာစောင့်ကြည့်စေခဲ့သည်။




ရွေးကောက်ပွဲလေ့လာစောင့်ကြည့်ခြင်းနည်းစနစ်မှာ ရွေးကောက်ပွဲအကြိုကာလ၊ မဲဆွယ်စည်းရုံးရေးကာလအတွင်း ရက်သတ္တတစ်ပတ်အချိန်ယူ၍ (အရှေ့ပိုင်းခရိုင်မှလွဲ၍) တောင်ပိုင်းခရိုင်၊ အနောက်ပိုင်းခရိုင်နှင့် မြောက်ပိုင်ခရိုင်များရှိ မြို့နယ်ပေါင်း (၁၄) မြို့နယ်တွင် လူထုစစ်တမ်းကောက်ယူခြင်းအား ကျဘန်းကောက်ယူခဲ့သည်။ တစ်ပြိုင်နက်တည်းမှာပင် ကိုယ်စားလှယ်လောင်းများ မဲဆွယ်စည်းရုံးခြင်း၊ မဲဆန္ဒရှင်စာရင်းကို လေ့လာစောင့်ကြည့်ခြင်းတို့အား ကာလရှည် လေ့လာစောင့်ကြည့်သူ (၃၀) ဖြင့်ဆောင်ရွက်ခဲ့သည်။ ရွေးကောက်ပွဲနေ့တွင် ကာလရှည်၊ ကာလတို လေ့လာစောင့်ကြည့်သူများအား လေ့လာစောင့်ကြည့်ရာ (၁၄) မြို့နယ်အတွင်းရှိ ကျဘန်းကောက်ယူထားသောမဲရုံများတွင် လေ့လာစောင့်ကြည့်စေခဲ့သည်။ တရားဝင်အသိအမှတ်ပြု လေ့လာစောင့်ကြည့်ခြင်း မပြုလုပ်နိုင်သည့်အတွက် ကန့်သတ်ချက်များဖြင့်သာ လေ့လာစောင့်ကြည့်ခဲ့ရပြီး၊ ရွေးကောက်ပွဲအလွန် အငြင်းပွားမှုများအား လေ့လာစောင့်ကြည့်ခြင်း မပြုလုပ်နိုင်ခဲ့ပေ။

# လူထုစစ်တမ်း

New Myanmar Foundation (NMF) မှ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီအဆင်ဆင့်အတွက် ရွေးကောက်ပွဲအပေါ် မဲဆန္ဒရှင်အများပြည်သူ၏ အခြေအနေအားသိရှိနားလည်နိုင်စေရန် ရွေးကောက်ပွဲ အကြိုကာလတွင် လူထုစစ်တမ်းအား ကောက်ယူခဲ့သည်။ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ နယ်နမိတ် သတ်မှတ်ချက်အရ (၃၃) မြို့နယ်ရှိရာ၊ လေ့လာစောင့်ကြည့်ခြင်းလုပ်ငန်း လုပ်ဆောင်သည့် ခရိုင်သုံးခုအတွင်းရှိ စည်ပင်နယ်နမိတ်မြို့နယ် (၁၄) မြို့နယ်တွင် မေးမြန်းချက် (၁၁) ချက်ပါ လူထုစစ်တမ်း အား မဲဆန္ဒရှင်ပြည်သူ (၂၈၄) ဦးကို ကျဘန်းစနစ်ဖြင့် မေးမြန်းခဲ့ပါသည်။ အဆိုပါစစ်တမ်းမှ ဆန်းစစ်လေ့လာ တွေ့ရှိချက်များအား တင်ပြအစီရင်ခံအပ်ပါသည်။

*(က) စစ်တမ်းနမူနာအရွယ်အစား*




နယ်နမိတ်နှိုင်းယှဉ်ချက်အရ ဤသဘောထားစစ်တမ်းကောက်ယူသည့် နမူနာအရွယ်အစား ပမာဏမှာ (၄၂) ရာခိုင်နှုန်းရှိသော်လည်း၊ ရန်ကုန်မြို့တော် အရှေ့ပိုင်းခရိုင်စည်ပင်သာယာရေးနယ်နမိတ်တစ်ခုလုံး မပါဝင်ပေ။

*(ခ) စည်ပင်ရွေးကောက်ပွဲသိရှိသည့်ရာခိုင်နှုန်း?*




ကျဘာန်းမေးမြန်းချက်အဖြေအရ (၇၁) ရာခိုင်နှုန်းမှာ စည်ပင်သာယာရေးကော်မတီအဆင့်ဆင့်ရွေးချယ်ပွဲအား သိရှိကြသည်ဟု ဖြေကြား၍၊ (၂၇) ရာခိုင်နှုန်းမှာမူ မသိရှိကြောင်း ဖြေကြားကြသည်။ အစီရင်ခံစာများအရ ကျန် (၂) ရာခိုင်နှုန်းမှာ ဤရွေးကောက်ပွဲအား ကြားဖူးသော်လည်း သေသေချာချာမသိရှိကြသည်ကို တွေ့ရှိရသည်။ ခြုံငုံသုံးသပ်ရလျှင် ဤစစ်တမ်းကောက်ယူချိန် (ရွေးကောက်ပွဲအကြိုကာလ)တွင် အများစုက သိရှိထားကြ သော်လည်း၊ မသိရှိသူအရေအတွက်မှာ များပြားနေသေးသည်။

*(ဂ) စည်ပင်ရွေးကောက်ပွဲတွင် ဆန္ဒမဲပေးမှာလား?*



စစ်တမ်းကောက်ယူချိန်တွင် စည်ပင်ရွေးကောက်ပွဲအား ပါဝင်ဆန္ဒမဲပေးလိုသည့်အရေအတွက်သည် (၆၄) ရာခိုင်နှုန်းဖြင့် အများစု ဆန္ဒရှိကြသည်ကို တွေ့ရှိရပြီး၊ ဆန္ဒမပြုသူ (၂၈) ရာခိုင်နှုန်းရှိသည်ကို တွေ့ရှိရသည်။ ဆန္ဒမဲပေးမည်၊ မပေးမည်ကို မဆုံးဖြတ်ရသေးသည့်ပြည်သူများမှာ (၈) ရာခိုင်နှုန်းရှိသည်ကို တွေ့ရသည်။ သီးခြားအစီရင်ခံမှုများအရ ပြည်သူများမှာ အိမ်ထောင်စုတစ်စုလျှင် ဆန္ဒမဲတစ်မဲပေးနိုင်ကြောင်းနှင့် မဲဆန္ဒရှင်စာရင်း ကောက်ယူသွားသည်ကို မသိရှိခြင်းတို့ကြောင့် ရွေးကောက်ပွဲသည် မိမိတို့နှင့် မသက်ဆိုင်ဟူသော အမြင်များရှိခဲ့သည်ကို တွေ့ရသည်။

*(ဃ) စည်ပင်ရွေးကောက်ပွဲကျင်းပပြုလုပ်မည့်နေ့ကို သိပါသလား?*




စစ်တမ်းပြုလုပ်ချိန် လေ့လာဆန်းစစ်မှုအရ စည်ပင်ရွေးကောက်ပွဲ ကျင်းပပြုလုပ်မည့်နေရက်ကို (၅၆) ရာခိုင်နှုန်းကသာ သိရှိကြပြီး၊ (၄၁) ရာခိုင်နှုန်းမှာ မသိရှိကြကြောင်း တွေ့ရသည်။ ဤအချက်မှာ ပြည်သူများ အနေဖြင့် မဲဆန္ဒရှင် သတင်းအချက်အလက်အား လုံလောက်စွာမရရှိကြောင်း သုံးသပ်နိုင်သည်။

*(င) စည်ပင်ရွေးကောက်ပွဲမှာ မဲဘယ်နှစ်မဲပေးရမယ်ဆိုတာ သိပါသလား?*




(၆၃) ရာခိုင်နှုန်းသော စစ်တမ်းဖြေဆိုသူအများစု (သုံးပုံနှစ်ပုံခန့်)မှာ စည်ပင်ရွေးကောက်ပွဲတွင် မဲဘယ်နှစ်မဲပေးရမည်ဆိုသည်ကို မသိရှိကြကြောင်း တွေ့ရသည်။ (၃၂) ရာခိုင်နှုန်းကသာ သိရှိသည်ဟု ဖြေဆိုကြသည်။ စစ်တမ်းတွင် ဆန္ဒပြုရမည့် မဲအရေအတွက်အား မှားယွင်းဖြေဆိုမှုများလည်း ရှိခဲ့သည်ဟု အစီရင်ခံခဲ့သည်။ ဤအချက်သည်လည်း ရွေးကောက်ပွဲအသိပညာပေးမှု နည်းပါးကြောင်း ပြဆိုနေသည်။

*(စ) သက်ဆိုင်ရာကိုယ်စားလှယ်လောင်း ဘယ်နှစ်ယောက်ရှိလဲဆိုတာ သိလား?*



ဖြေဆိုသူ လေးပုံသုံးပုံရှိသော (၇၅) ရာခိုင်နှုန်း (အတိအကျအားဖြင့် ၇၄.၅%) မှာ မိမိတို့ရွေးချယ်ရမည့် ရွေးကောက်ခံကိုယ်စားလှယ်လောင်းအရေအတွက် မည်မျှရှိကြောင်း မသိရှိကြသည်ကို တွေ့ရသည်။ ဆန်းစစ်သုံးသပ်ချက်များအရ မဲဆန္ဒရှင် အသိပညာပေးခြင်း၊ သတင်းအချက်အလက်ပေးခြင်းတို့ နည်းပါးခဲ့ပြီး၊ ကိုယ်စားလှယ်လောင်းများ၏ မဲဆွယ်စည်းရုံးမှုမှာလည်း နည်းပါးကြောင်း သီးခြားအစီရင်ခံမှုများရှိခဲ့သည်။

*(ဆ) ကိုယ်စားလှယ်လောင်းများ၏ မဲဆွယ်စည်းရုံးမှု၊ မဲဆွယ်စည်းရုံးသော လက်ကမ်းစာစောင်များ ရရှိပါသလား?*




မဲဆန္ဒရှင်များအနေဖြင့် ကိုယ်စားလှယ်လောင်းများ၏ မဲဆွယ်စည်းရုံးရေး လက်ကမ်း စာစောင်များကို (၅၉) ရာခိုင်နှုန်းရရှိကြသည်ဟု သိရှိရပြီး၊ (၄၀) ရာခိုင်နှုန်းမှာ မရရှိကြကြောင်း ဖြေကြားကြသည်။

*(ဇ) ကိုယ်စားလှယ်လောင်းများ၏ မဲဆွယ်စည်းရုံးပွဲများကို တွေ့ဖူးပါသလား?*



ကိုယ်စားလှယ်လောင်းများ၏ မဲဆွယ်စည်းရုံးပွဲများအား တွေ့ကြုံဖူးသူ မဲဆန္ဒရှင်မှာ (၃၈) ရာခိုင်နှုန်းရှိပြီး၊ (၆၁) ရာခိုင်နှုန်းမှာ မတွေ့ဖူးသူများ ဖြစ်ကြသည်။ ကိုယ်စားလှယ်လောင်းများသည် ကိုယ်တိုင်ထိတွေ့ပြီး၊ မဲဆွယ်စည်းရုံးခြင်းအား ဆောင်ရွက်မှုနည်းပါးခဲ့ပြီး၊ အများစုမှာ မဲဆွယ်စည်းရုံးရေး စေတနာ့ဝန်ထမ်းများဖြင့် မဲဆွယ်စည်းရုံးခဲ့သည်ကို တွေ့ရှိရသည်။ သီးခြားအစီရင်ခံမှုများအရ မဲဆွယ်စည်းရုံးမှုများမှာ မဲဆွယ်စည်းရုံးရေး ဟောပြောသည့်အသံသွင်းထားပြီး၊ အသံချဲ့စက်များဖြင့် လှည့်လည်ဖွင့်လှစ်၊ စည်းရုံးကြခြင်းအား တွေ့ရှိရသည်ဟု ဖြေကြားကြသည်။

*(၈၂) ဤရွေးကောက်ပွဲကြောင့် အများပြည်သူ၏ လူမှုဘဝများ ပိုမိုတိုးတက်ကောင်းမွန်လာမည်ဟု ထင်မြင်ယူဆပါသလား?*




ရန်ကုန်စည်ပင်သာယာရေးကော်မတီအဆင့်ဆင့် ရွေးကောက်ပွဲအပေါ် မဲဆန္ဒရှင်၊ အများပြည်သူ၏ မျှော်လင့်ချက်အား ဆန်းစစ်လေ့လာရာတွင် မေးမြန်းသူ (၃၇) ရာခိုင်နှုန်းကသာ ရွေးကောက်ပွဲကြောင့် ပြည်သူများ၏ လူမှုဘဝ ပိုမိုတိုးတက်ကောင်းမွန်လာမည်ဟု ထင်မြင်ကြပြီး၊ (၅၅) ရာခိုင်နှုန်းမှာမူ ထိုသို့မထင်မြင်ကြောင်း ဖြေကြားကြသည်။ ကျန် (၈) ရာခိုင်နှုန်းမှာမူ ထင်မြင်ချက်မပေးခဲ့ပါ။

*(ည) ယခုကျင်းပသည့် စည်ပင်ရွေးကောက်ပွဲသည် တရားမျှတမည်ဟု ထင်မြင်ပါသလား?*




ရန်ကုန်စည်ပင်သာယာရေးကော်မတီအဆင့်ဆင့် ရွေးကောက်ပွဲအပေါ် မဲဆန္ဒရှင်ပြည်သူများ၏ ယုံကြည်မှုမှာ (၂၂) ရာခိုင်နှုန်းကသာ တရားမျှတသည့် ရွေးကောက်ပွဲဖြစ်မည်ဟု ထင်မြင်ကြ၍၊ လေးပုံသုံးပုံခန့်သော (၇၅) ရာခိုင်နှုန်းမှာမူ တရားမျှတလိမ့်မည်မဟုတ်ဟု ထင်မြင်ကြသည်။ ဖြေဆိုသူ (၃) ရာခိုင်နှုန်းမှာ ထင်မြင်ချက် မပေးနိုင်ခဲ့ပါ။

နှစ်ပေါင်းများစွာအတွင်း ပထမဆုံးအကြိမ်အဖြစ် ပြန်လည်ကျင်းပသော ရန်ကုန်မြို့တော်စည်ပင် (မြူနီစီပယ်) ရွေးကောက်ပွဲဖြစ်ခြင်း၊ ပွင့်လင်းမြင်သာမှုမရှိခြင်း၊ ပူးပေါင်းဆောင်ရွက်မှု အားနည်းခြင်း၊ တာဝန်ယူမှု အားနည်းခြင်း စသည့်အချက်အား ဤဆန်းစစ်လေ့လာခြင်း (ဈ) နှင့် (ည) တို့တွင် တွေ့ရှိရသည်။ စစ်တမ်းအား ဖြေကြားသူများတွင် မိမိတို့နှင့်မသက်ဆိုင်သည့် ရွေးကောက်ပွဲတစ်ခုကဲ့သို့ ခံစားရကြောင်း ပြောကြားမှုများ ရှိခဲ့သည်။ ရွေးကောက်ပွဲတစ်ခုအပေါ် အများလက်ခံ၊ ယုံကြည်မှုသည် အောင်မြင်သော ရွေးကောက်ပွဲ တစ်ခုဖြစ်ရန် အလွန်အရေးပါလှသည်။

(၄) စည်ပင်ရွေးကောက်ပွဲကော်မရှင်ကို သိရှိပါသလား?




စည်ပင်သာယာရေးကော်မတီရွေးကောက်ပွဲအတွက် တာဝန်ရှိသူ ရွေးကောက်ပွဲကော်မရှင်အား သိရှိသူ (၁၉) ရာခိုင်နှုန်းသာရှိ၍၊ (၇၇) ရာခိုင်နှုန်းမှာ မသိရှိကြောင်း ဖြေကြားခဲ့သည်။ (၄) ရာခိုင်နှုန်းမှာမူ မဖြေကြားခဲ့ပါ။

(၅) ဆန္ဒမဲထည့်ရမည့်နေရာကို သိရှိပါသလား?




ဤစစ်တမ်းကောက်ယူချိန်ထိ မဲဆန္ဒရှင်များသည် မိမိတို့ဆန္ဒမဲထည့်ရမည့် မဲရုံနေရာကို သိရှိသူ (၂၆) ရာခိုင်နှုန်းဖြင့် နည်းပါးခဲ့ပြီး၊ (၆၃) ရာခိုင်နှုန်းသော အများစုမှာ မသိရှိကြသေးပေ။

<u>ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီအဆင့်ဆင့် ရွေးကောက်ပွဲဖြစ်စဉ်အား စောင့်ကြည့်လေ့လာခြင်း</u>

# ရွေးကောက်ပွဲ စောင့်ကြည့်လေ့လာခြင်းဆိုင်ရာ တွေ့ရှိချက်များ

ရွေးကောက်ပွဲစောင့်ကြည့်လေ့လာခြင်းမှ တွေ့ရှိချက်များအား အပိုင်းခွဲရလျှင် -

- ရွေးကောက်ပွဲဆိုင်ရာ ဥပဒေမူဘောင်များအပေါ် သုံးသပ်ချက်များ
- စည်ပင်ရွေးကောက်ပွဲကော်မရှင်အပေါ် တွေ့ရှိချက်များ
- မဲဆွယ်စည်းရုံးခြင်း
- မဲစာရင်းနှင့် ပတ်သက်သည့် တွေ့ရှိချက်များ
- မဲဆန္ဒရှင်များ ကြုံတွေ့ရသည့်အခက်အခဲများ
- မဲပေးသည့်နေ့တွင် ကြုံတွေ့ရသည့် တွေ့ရှိချက်များ

ဟူ၍ ခွဲခြားတင်ပြမည်ဖြစ်သည်။

## ရွေးကောက်ပွဲဆိုင်ရာ ဥပဒေမူဘောင်များအပေါ် သုံးသပ်ချက်များ

ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီအဆင့်ဆင့်အား ရွေးချယ်သည့် ရွေးကောက်ပွဲတွင် မြို့နယ်စည်ပင်သာယာရေးကော်မတီ (ဥက္ကဋ္ဌအပါအဝင် ၅-ဦး)၌ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်နှစ်ဦး၊ စုစုပေါင်း (၃) ဦးအား ဆန္ဒမဲပေးရွေးချယ်ရသည်။ ထို့အတူ ခရိုင်စည်ပင်သာယာရေးကော်မတီ (ဥက္ကဋ္ဌအပါအဝင် ၅-ဦး)၌ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်နှစ်ဦး၊ စုစုပေါင်း (၃) ဦးတို့အား မဲပေးရွေးချယ်ရသည်။ သို့ရာတွင် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ (မြို့တော်ဝန်အပါအဝင် ၉-ဦးရှိရာ) အဖွဲ့ဝင် (၄) (ခရိုင်တစ်ခုမှ ကိုယ်စားလှယ် တစ်ဦးစီ) အား မဲပေးရွေးချယ်ရသည်။ ထို့အတွက် မြို့နယ်နှင့် ခရိုင်စည်ပင်သာယာရေးကော်မတီများတွင် အဆင်ပြေသည့်ပုံစံကို တွေ့ရသော်လည်း၊ “ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ” အဆင့်တွင်မူ၊ မြို့တော်ဝန်အား မဲပေးရွေးချယ်ခွင့်မရပဲ၊ အဖွဲ့ဝင်စုစုပေါင်း (၉) ဦးမှ အဖွဲ့ဝင် (၄) ဦးကိုသာ မဲပေးရွေးချယ်ရ

သည်။ (ကျန်မြို့တော်ဝန်နှင့် အဖွဲ့ဝင် (၄) ဦး၊ စုစုပေါင်း (၅) ဦးအား အစိုးရမှခန့်အပ်ခြင်းဖြစ်သည်။) ဤအချက်သည် မဲဆန္ဒရှင်ပြည်သူများအနေဖြင့် စိတ်ဝင်စားမှု၊ ပူးပေါင်းဆောင်ရွက်မှု နည်းပါးရခြင်း၏ အကြောင်းခြင်းအရာတစ်ခု ဖြစ်ခဲ့သည်။

စည်ပင်သာယာရေးကော်မတီ ရွေးကောက်တင်မြှောက်ခြင်း နည်းဥပဒေအား ဆန်းစစ်သုံးသပ်ရာတွင် အောက်ပါအချက်များကို တွေ့ရှိရသည်။

ပုဒ်မ (၁၅) တွင် အိမ်ထောင်စုဇယားတစ်ခုအတွက် မဲဆန္ဒရှင်တစ်ယောက်ဟုဆိုခြင်းကြောင့် နိုင်ငံသားအခွင့်အရေးအား ကန့်သတ်သည့်သဘော သက်ရောက်နေသည်ကို တွေ့ရသည်။

ပုဒ်မ (၃၀) တွင် ရဲတပ်ဖွဲ့ဌာနချုပ်လက်အောက်ခံ လုံခြုံရေးရဲကွပ်ကဲမှုအဖွဲ့နှင့် လုံခြုံရေးရဲတပ်ဖွဲ့ခွဲများရှိ ရဲတပ်ဖွဲ့ဝင်များအတွင်း နေထိုင်သည့် ရဲတပ်ဖွဲ့ဝင်များနှင့် မိသားစုများ မဲပေးခွင့်မရှိခြင်းကြောင့် ရဲဝန်ထမ်း မိသားစုများအနေဖြင့် နိုင်ငံသားအခွင့်အရေးဆုံးရှုံးခြင်းအား တွေ့ရှိရသည်။

ပုဒ်မ (၃၁) ရှိ မြို့တော်စည်ပင်ကိုယ်စားလှယ်လောင်း၏ အရည်အချင်းများ၌ အသက်အရွယ် ကန့်သက်ချက်များ ရှိခြင်းကြောင့် အရည်အချင်းပြည့်မီသည့် လူငယ်များအနေဖြင့် ရွေးကောက်ပွဲတွင် ဝင်ရောက်ရွေးချယ်ခံပိုင်ခွင့်အား ဆုံးရှုံးရသကဲ့သို့ ဖြစ်နေသည်ကို တွေ့ရသည်။ ထို့ပြင် "သက်ဆိုင်ရာရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအတွင်း တစ်ဆက်တည်း အနည်းဆုံး (၁၀) နှစ်" ကန့်သတ်ချက်သည် ပြောင်းရွှေ့မှုများသော မြို့ပြလူနေမှုစနစ်အရ တင်းကျပ်သည့်ကန့်သတ်မှုပုံစံ ဖြစ်နေသည်ကို တွေ့ရသည်။ "မြို့ပြဖွံ့ဖြိုးမှုစီမံကိန်းကို သိရှိနားလည်အောင် ဆောင်ရွက်နိုင်သည့် ဗဟုသုတရှိသူ" စသည့်သတ်မှတ်ချက်တွင်လည်း တိကျသောအဓိပ္ပာယ်ဖွင့်ဆိုချက်များ မရှိသည်ကိုလည်း တွေ့ရသည်။

ပုဒ်မ (၃၄-စ) တွင် "နိုင်ငံခြားတိုင်းပြည်တစ်ခုခု၏အစိုးရ သို့မဟုတ် ဘာသာရေးအဖွဲ့အစည်း သို့မဟုတ် အခြားအဖွဲ့အစည်းများမှ ငွေကြေး၊ မြေ၊ အိမ်၊ အဆောက်အအုံ၊ ယာဉ်၊ ပစ္စည်းတို့ကို တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်သောနည်းဖြင့်ဖြစ်စေ အထောက်အပံ့ရယူသုံးစွဲသူ သို့မဟုတ် ယင်းသို့အထောက်အပံ့ရယူသုံးစွဲသည့် အဖွဲ့အစည်းဝင်ဖြစ်သူ"ဟု ("အခြားအဖွဲ့အစည်းများမှ") ဆိုထားခြင်းကြောင့် မြန်မာနိုင်ငံသားဖြစ်သော အစိုးရမဟုတ်သည့် အဖွဲ့အစည်းများတွင် (NGO) လုပ်ကိုင်နေသူများအတွက် ကန့်သတ်ချက်ဖြစ်နေသည်ကို တွေ့ရသည်။ မလိုလားအပ်သည့် တင်းကြပ်မှုများ မဖြစ်ပေါ်စေပဲ၊ လိုအပ်ချက်ကို တိတိကျကျပြဆိုနိုင်သော ဥပဒေကန့်သတ်ချက်တစ်ခုဖြစ်စေသင့်သည်။

ပုဒ်မ (၆၀) တွင် "ကော်မရှင်သည် ခုံအဖွဲ့၏အစီရင်ခံစာကို စိစစ်၍ အတည်ပြုခြင်း (သို့) ငြင်းပယ်ခြင်း ပြုနိုင်သည်။ ကော်မရှင်၏ အဆုံးအဖြတ်သည် အတည်ဖြစ်သည်" ဟုဆိုခြင်းကြောင့် အငြင်းပွားမှုဖြေရှင်းခြင်းတွင် ခုံအဖွဲ့ကို ဖွဲ့စည်းထားသော်လည်း ကော်မရှင်ဆုံးဖြတ်ချက်သာ အတည်ဖြစ်နေခြင်းကို တွေ့ရှိရသည်။ (ကော်မရှင်သည် ခုံအဖွဲ့၏ဆုံးဖြတ်ပိုင်ခွင့်ကို ထားရှိသင့်ပြီး၊ ကော်မရှင်နှင့် တိုင်းဒေသကြီးတရားရေးပညာရှင်များပါဝင်သည့် အယူခံအဖွဲ့ကိုသာ ဖွဲ့စည်းသင့်သည်။)

## စည်ပင်ရွေးကောက်ပွဲကော်မရှင်အပေါ် တွေ့ရှိချက်များ

စည်ပင်ရွေးကောက်ပွဲကော်မရှင်သည် မဲရုံဝန်ထမ်းများအား ကြိုတင်ပြင်ဆင်၍ သင်ကြားခြင်း၊ လုပ်ငန်းစဉ်များအား တိတိကျကျညွှန်ကြားခြင်း၊ စီမံခန့်ခွဲခြင်းများတွင် များစွာအားနည်းခဲ့သည်ကို တွေ့ရသည်။ ထို့အပြင် အရပ်ဖက်လူမှုအဖွဲ့အစည်းများ၊ သတင်းမီဒီယာများစသည့် ပါဝင်ပတ်သက်သူများနှင့် ပူးပေါင်းဆောင်ရွက်မှုတွင် အလွန်အားနည်းခဲ့သည့်အတွက် ကောင်းမွန်သည့်ရွေးကောက်ပွဲတစ်ခုဖြစ်ရန် အာမခံနိုင်မှု မရှိခဲ့ဟု ယူဆနိုင်သည်။ ကော်မရှင်အား ရန်ကုန်စည်ပင်သာယာရေးကော်မတီမှတစ်ဦးနှင့် အငြိမ်းစားပြည်သူ့ဝန်ထမ်း (၄) ဦး၊ စုစုပေါင်း (၅) ဦးဖြင့် ဖွဲ့စည်းခဲ့ပြီး၊ သက်ဆိုင်ရာ ခရိုင်နှင့် မြို့နယ်ကော်မတီအဖွဲ့ခွဲများကို အုပ်ချုပ်သည်။

မဲရုံဝန်ထမ်းများနှင့် ရပ်ကွက်/ကျေးရွာအဆင့် စည်ပင်ကော်မရှင်ဝန်ထမ်းများသည် သက်ဆိုင်ရာ ဥပဒေ၊ နည်းဥပဒေများအား ကောင်းမွန်စွာမသိရှိသည်ကို တွေ့ရသည့်အတွက် စည်ပင်ရွေးကောက်ပွဲကော်မရှင်မှ ဝန်ထမ်းများအား လေ့ကျင့်ပြင်ဆင်ပေးမှု၊ ညွှန်ကြားမှုများတွင် အားနည်းချက်များရှိခဲ့သည်ဟု သုံးသပ်နိုင်သည်။ ထို့အပြင် စည်ပင်ရွေးကောက်ပွဲကော်မရှင်မှ ညွှန်ကြားချက်များ မကြာခဏပြောင်းလဲထုတ်ပြန်သည်ကိုတွေ့ရပြီး ကိုယ်စားလှယ်လောင်းများအတွက် အခက်အခဲအချို့ဖြစ်ပေါ်စေခဲ့သည်ကိုလည်း တွေ့ရှိရသည်။ ကိုယ်စားလှယ်လောင်းများမှ မဲဆန္ဒရှင်စာရင်းတောင်းယူရာတွင်လည်းကောင်း၊ လိုအပ်သော သတင်းအချက်အလက်များအား တောင်းခံရာတွင်လည်းကောင်း အခက်အခဲများ ကြုံတွေ့ခဲ့ရသည်။

စည်ပင်ရွေးကောက်ပွဲကော်မရှင်နှင့် မဲရုံဝန်ထမ်းများအတွက် ပြင်ဆင်ချိန်လုံလောက်စွာမရရှိခြင်းသည်လည်း အားနည်းချက်တစ်ခုဖြစ်ခဲ့သည်။ ထိုသို့ ပြင်ဆင်ချိန်မလုံလောက်ခြင်း၊ ပူးပေါင်းဆောင်ရွက်မှု အလေ့အထ အားနည်းခြင်းများကြောင့် မလိုလားအပ်သော အခက်အခဲများဖြစ်ပေါ်စေခဲ့သည်။

ယေဘုယျအားဖြင့် စည်ပင်ရွေးကောက်ပွဲကော်မရှင်အနေသည် ရွေးကောက်ပွဲဆိုင်ရာ စီမံခန့်ခွဲမှုတွင် အရည်အသွေးစံနှုန်း မပြည့်မီဟု ခြုံငုံသုံးသပ်နိုင်သည်။

## မဲဆွယ်စည်းရုံးခြင်း

ယျေဘူယျအားဖြင့် ရွေးကောက်ခံကိုယ်စားလှယ်လောင်းများအနေဖြင့် စေတနာ့ဝန်ထမ်းများမှတစ်ဆင့် မဲဆွယ်စည်းရုံးကြပြီး၊ မဲဆန္ဒရှင်များနှင့် ထိတွေ့ဆက်ဆံမှု၊ ရွေးကောက်ပွဲသတင်းအချက်အလက်ပေးမှုမှာ နည်းပါးသည်ကို တွေ့ရှိရသည်။ မဲဆွယ်စည်းရုံးခြင်းနှင့်အတူ မဲဆန္ဒရှင်များအား အသိပညာပေးခြင်း၊ ကောင်းမွန်စွာ ရွေးချယ်နိုင်ရန်အတွက် လိုအပ်သော မဲဆန္ဒရှင်သတင်းအချက်အလက်များအား ဖြန့်ဝေပေးခြင်းအား တွေ့ရှိရလေ့မရှိပေ။ ကိုယ်စားလှယ်လောင်းများ၏တွေ့ရလေ့ရှိသည့် မဲဆွယ်စည်းရုံးရေးပုံစံများမှာ မဲဆွယ်စည်းရုံးရေး လက်ကမ်းစာစောင်များ၊ ဗွီနိုင်းများ ဖြန့်ဝေခြင်း၊ ကြော်ငြာဆိုင်းဘုတ်ဒ်များထောင်ခြင်း၊

မဲဆွယ်စည်းရုံးဟောပြောချက်များအား အသံသွင်း၍ အသံချဲ့စက်ဖြင့် လိုက်လံဖွင့်လှစ် စည်းရုံးခြင်း၊ သတင်းမီဒီယာများမှ တင်ပြစည်းရုံးခြင်း၊ လှည့်လည်စည်းရုံးဟောပြောခြင်းများအား တွေ့ရှိရသည်။ လက်ကမ်းစာစောင်များအပါအဝင် မဲဆွယ်စည်းရုံးမှုအားလုံးအတွက် ခွင့်ပြုချက်ရယူရသည်ဟု ကိုယ်စားလှယ်လောင်းများက ဆိုသည်။

အချို့သော ကိုယ်စားလှယ်လောင်းများ၏ မဲဆွယ်စည်းရုံးရေး လက်ကမ်းစာစောင်များ၊ ကြော်ငြာများတွင် ရှင်းလင်းပြတ်သားသော ကတိကဝတ်များအား မတွေ့ရှိရပါ။ အချို့သော လက်ကမ်းစာစောင်များတွင် ထုတ်ဝေသည့် (ပုံနှိပ်တိုက်) သတင်းအချက်အလက်များ မပါရှိသည်ကို တွေ့ရှိရသည်။

မဲဆွယ်စည်းရုံးခြင်းကာလတွင် သတင်းမီဒီယာများ၌ ကိုယ်စားလှယ်လောင်းများ၏ သတင်းအချက်အလက်များအား ဖော်ပြပေးခဲ့ကြသည်။ အထူးသဖြင့် ခရိုင်ကိုယ်စားပြု ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီကိုယ်စားပြု ကိုယ်စားလှယ်လောင်းများအား သက်ဆိုင်ရာ ခရိုင်နယ်မြေအလိုက် ဖော်ပြပေးခဲ့ကြသည်။ သို့ရာတွင် ဖော်ပြသည့်အချိန်ကာလတိုတောင်းသည့်အပြင်၊ မဲဆန္ဒရှင်အများပြည်သူများအနေဖြင့် စုစုပေါင်းဆန္ဒမဲ (၇) မဲအရ၊ မြို့နယ်အဆင့်၊ ခရိုင်အဆင့်နှင့် ရန်ကုန်စည်ပင်သာယာရေးကော်မတီအဆင့်တို့အား သေချာစွာ သိရှိရွေးချယ်နိုင်စေရန် ရှင်းလင်းလွယ်ကူစွာ အထောက်အကူမပြုနိုင်ခဲ့ပဲ၊ ကိုယ်စားလှယ်လောင်းများကိုသာ ဖော်ပြခဲ့သည့်အတွက် မဲဆန္ဒရှင်ပြည်သူများအတွက် ရှုပ်ထွေးမှုများ ဖြစ်ပေါ်ခဲ့ရသည်။ ဥပမာ - ခရိုင်စည်ပင်သာယာရေးကော်မတီအတွက် (၃) ဦးရွေးချယ်ခြင်းနှင့် ခရိုင်ကိုယ်စားပြု ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီဝင် (၁) ဦးရွေးချယ်ခြင်းအား မဲဆန္ဒရှင်များအနေဖြင့် ရောထွေးသွားခြင်းကို တွေ့ရှိရသည်။ မဲဆွယ်စည်းရုံးရေးကာလတွင် မဲဆန္ဒရှင်များအတွက် မှန်ကန်သည့် ရွေးချယ်မှုဖြစ်စေရန် သတင်းမီဒီယာများနှင့် ကိုယ်စားလှယ်လောင်းများ၏ အထောက်အကူပြုမှုမှာ လွန်စွာနည်းပါးခဲ့ပြီး၊ အများအားဖြင့် ရှုပ်ထွေးခဲ့သည်။



## မဲဆန္ဒရှင်စာရင်းနှင့်ပတ်သက်သည့် တွေ့ရှိချက်များ

မဲဆန္ဒရှင်စာရင်းပြုစုခြင်းတွင် အများပြည်သူ၏ ပူးပေါင်းဆောင်ရွက်ခွင့်မရရှိခြင်းနှင့်အတူ မှတ်ပုံတင်၊ အိမ်ထောင်စုစာရင်းတို့ ရှိသော်လည်း မဲစာရင်းတွင် မပါဝင်ခြင်းများ ဖြစ်ပေါ်ခဲ့သည်။ အချို့မြို့နယ်များတွင် တိုက်ခန်းတွဲ တစ်ခုလုံး၊ လမ်းတစ်လုံး မဲစာရင်းတွင်မပါဝင်ခြင်းများစသည့် အုပ်စုလိုက်မဲစာရင်းတွင် မပါဝင်မှုများ ဖြစ်ပေါ်ခဲ့သည်ဟု စောင့်ကြည့်လေ့လာ သူများမှ အစီရင်ခံတင်ပြခဲ့ကြသည်။ ထို့အပြင် ကွယ်လွန်ပြီးသူများ မဲန္ဒရှင်စာရင်းတွင် ပါဝင်နေခြင်း၊ မဲဆန္ဒရှင်စာရင်းရှိ မဲဆန္ဒရှင်များ၏ အမည်၊ မှတ်ပုံတင်အမှတ်စသည့် အချက်အလက်များယွင်းခြင်းများ ဖြစ်ပေါ်ခဲ့သည်။

ဒေသန္တရရွေးကောက်ပွဲတစ်ခုအနေဖြင့် စိတ်ဝင်စားဖွယ်ရာတွေ့ရှိချက်မှာ အိမ်ထောင်စုတစ်စုလျှင် ကိုယ်စားပြုတစ်ဦးမှ မဲပေးခွင့်ရှိသည်ဟုဆိုသော်လည်း၊ မဲစာရင်းတွင် အမည်ပါသူသာ မဲပေးခွင့်ရှိပြီး၊ **အခြားမိသားစုဝင် တစ်ဦးဦးမှ မဲပေးခွင့်မရရှိခြင်း** ဖြစ်သည်။ မဲဆန္ဒရှင်များအနေဖြင့် အိမ်ထောင်စုတစ်စုလျှင် တစ်မဲ၊ မဲပေးခွင့်ရှိသည်ဟုသာ အများစု နားလည်ထားကြခြင်းဖြစ်သည်။

မဲဆန္ဒရှင်စာရင်း ကောက်ယူစဉ်တွင် ရွေးကောက်ပွဲအတွက် မဲစာရင်းကောက်သည့်အကြောင်းအရင်းကို မရှင်းပြပဲ၊ အိမ်ထောင်စုစာရင်းသာတောင်းယူသည့်အတွက် အချို့နေရာများတွင် အိမ်ထောင်ဦးစီး (တစ်နည်းအားဖြင့် အိမ်ထောင်စုကိုယ်စားပြုသူ) အဖြစ် သက်ကြီးရွယ်အိုများ မဲစာရင်းတွင် ပါဝင်နေမှုများ ဖြစ်ခဲ့သည်။ ထို့အတွက် ၄င်းသက်ကြီးရွယ်အိုများအနေဖြင့် ဆန္ဒမဲလာရောက်မပေးနိုင်ခြင်း၊ အခြားမိသားစုဝင်မှ ကိုယ်စားပြု မဲမပေးနိုင်ခြင်းတို့ကြောင့် ဆန္ဒမဲလာရောက်မပေးနိုင်ခြင်းများ ဖြစ်ပေါ်ခဲ့သည်။ ထို့အပြင် မဲဆန္ဒရှင်စာရင်းကောက်ယူရာတွင်၊ မကျွမ်းကျင်ခြင်း၊ စနစ်တကျဆောင်ရွက်မှုမရှိခြင်း၊ ကောင်းမွန်သည့် နည်းစနစ်များဖြင့် ဆောင်ရွက်ခြင်းမဟုတ်ပဲ၊ သင့်တော်သလို ဆောင်ရွက်ကြခြင်းကြောင့် အမှားအယွင်းများစွာ ဖြစ်ပေါ်ခဲ့သည်ကို တွေ့ရှိရသည်။

ထို့အပြင် မဲပေးသည့်နေ့တွင် မဲရုံအများစု၌ မဲဆန္ဒရှင်စာရင်းအား ကပ်ထားကြေငြာခြင်းအား မတွေ့ရှိရပေ။ အချို့သောမြို့နယ်များတွင် မဲဆန္ဒရှင်စာရင်း ကပ်ထားကြေငြာထားသည့်နေရာနှင့် ဆန္ဒမဲပေးရသည့် မဲရုံနေရာသည် သီးခြားစီဖြစ်နေသဖြင့် မဲန္ဒရှင်များအတွက် များစွာအဆင်မပြေမှုများဖြစ်ပေါ်ခဲ့သည်ကို တွေ့ရှိရသည်။

## မဲဆန္ဒရှင်များ ကြုံတွေ့ရသည့် အခက်အခဲများ

ရွေးကောက်ပွဲအကြိုကာလ လူထုစစ်တမ်းနှင့် သုံးသပ်ချက်များအရ၊ မဲဆန္ဒရှင်များအနေဖြင့် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီအဆင့်ဆင့် ရွေးကောက်ပွဲနှင့်ပတ်သက် သည့် သတင်းအချက်အလက်များအား လုံလောက်စွာမရရှိခဲ့သည်ကို တွေ့ရသည်။ မဲဆန္ဒရှင်အချို့မှာ စည်ပင်ရွေးကောက်ပွဲအား ယုံကြည်ကိုးစားမှု မရှိခြင်း၊ ဒီမိုကရေစီနည်းလမ်းတကျ ရွေးကောက်ပွဲတစ်ခုဟု မယုံကြည်ခြင်းများ ရှိခဲ့သည်။ မဲဆန္ဒရှင် အများစုမှာ မည်သို့မည်ပုံမဲပေးရမည်ကို မသိရှိခဲ့ကြောင်း တွေ့ရပြီး၊ မဲရုံတည်နေရာကို မသိရှိခြင်းများလည်း ရှိခဲ့သည်။

ထို့ပြင် ရွေးကောက်ပွဲသည် မြို့တော်ဝန်အား ရွေးချယ်သည့် ရွေးကောက်ပွဲမဟုတ်သည့်အတွက် ဒေသန္တရအစိုးရတစ်ရပ် ပေါ်ပေါက်လာနိုင်ရန် အခွင့်အလမ်းမရှိခြင်းတို့ကြောင့် ရွေးကောက်ပွဲဖြစ်စဉ်များ၌ လူထုစိတ်ဝင်စားမှု၊ ပါဝင်မှုနည်းပါးခဲ့ပြီး၊ ၄င်းတို့ပါဝင်လာအောင် လှုံ့ဆော်မှုများလည်း လုံလောက်အောင် မဆောင်ရွက်နိုင်ခဲ့သည်ကို တွေ့ရှိရသည်။

မဲဆန္ဒရှင်အချို့မှာ ဆန္ဒမဲပေးလိုသော်လည်း မဲစာရင်းတွင် မိမိအမည်ကို ရှာမတွေ့ခြင်း၊ မဲစာရင်းတွင် ကျန်ခဲ့ခြင်း၊ (အိမ်ထောင်စုစာရင်း၊ မှတ်ပုံတင်ရှိသော်လည်း) မဲစာရင်းတွင် မပါဝင်ခြင်းတို့ကြောင့် မဲပေးခွင့် မရရှိပဲ၊ နိုင်ငံသားအခွင့်အရေး ဆုံးရှုံးခြင်းများ ရှိခဲ့သည်။ မဲဆန္ဒရှင်စာရင်းတွင် အများပြည်သူ၏ ပူးပေါင်း ပါဝင်ခွင့်အား မရရှိခဲ့ကြသည်ကို တွေ့ရသည်။

## မဲပေးသည့်နေ့တွင် ကြုံတွေ့ရသည့် တွေ့ရှိချက်များ

ရွေးကောက်ပွဲနေ့ (မဲပေးသည့်နေ့)၏ ဆန္ဒမဲပေးမှုဖြစ်စဉ်အား စောင့်ကြည့်လေ့လာရာတွင် ကြိုတင်သတ်မှတ်သိရှိထားသော မဲရုံများတွင် မဲရုံမဖွင့်လှစ်ပဲ၊ မဲရုံပြောင်းရွှေ့မှုများအား မိမိတို့စောင့်ကြည့်လေ့လာသူများမှ ကြုံတွေ့ရသည်။ ပြောင်းရွှေ့ခဲ့သောမဲရုံများအားလည်း အလွယ်တကူမရှာဖွေနိုင်ပဲ မဲရုံဖွင့်သည့်အချိန်ထက် နှစ်နာရီခန့်နောက်ကျပြီးမှ ရောက်ရှိခြင်းများ ရှိခဲ့သည်။ ဘက်စုံပါဝင်ပတ်သက်သူများမှ မဲဆန္ဒရှင်ပညာပေးမှုအားနည်းခဲ့သည့်အတွက်ကြောင့်လည်းကောင်း၊ ဤအစီရင်ခံစာပါ အခြားအချက်များအရလည်းကောင်း **လာရောက်မဲပေးသည့်ပမာဏမှာ စိုးရိမ်ဖွယ်ရာ အလွန်နည်းပါးခဲ့သည်။**

အချို့မဲရုံများ၌ မဲရုံဝန်ထမ်းများသည် သမာသမတ်ကျစွာ ဆောင်ရွက်ကြသော်လည်း၊ အချို့မဲရုံများတွင် မဲရုံဝင်းအတွင်း မဲဆွယ်သည့် အပြုအမူများအား တွေ့ရှိရခြင်း၊ မဲဆွယ်သည့် စာရွက်၊ စာတမ်း၊ လက်ကမ်းစာစောင်များအား မဲပေးခန်းအတွင်းသို့ ယူဆောင်လာခြင်းများ တွေ့ရှိခဲ့သည်။ မဲရုံအတွင်းသို့ ကိုယ်စားလှယ်လောင်းများ အတွက် မဲဆွယ်သည့်အင်္ကျီများ ဝတ်ဆင်ခြင်းများအားလည်း တွေ့ရှိရသည်။

မဲပေးသည့်အချိန်အတွင်း မဲရုံအတွင်းသို့ မသက်ဆိုင်သူများဝင်ရောက်ခြင်းများလည်း ရှိခဲ့သည်။ အချို့နေရာများတွင် မသက်ဆိုင်သူများမှ ဆန္ဒမဲပေးမည့် မဲဆန္ဒရှင်များအား ခေါ်ဆောင်လာခြင်းများအား တွေ့ရှိရသည်။ ဆန္ဒမဲပေးသည့် မဲဆန္ဒရှင်များအနေဖြင့် လျှို့ဝှက်မဲပေးခြင်းအားထိခိုက်စေသည့် ဖြစ်ရပ်များ ကြုံတွေ့ခဲ့ရသည်။

**မဲပေးသည့်မဲစာရွက်တွင် လုံခြုံရေးဆိုင်ရာ ကုတ်နံပါတ်အမှတ်မပါရှိ**သဖြင့် ဆန္ဒမဲလက်မှတ်များ၏ လုံခြုံရေးအာမခံချက်မှာ အလွန်နည်းပါးခဲ့ပြီး၊ ယုံကြည်မှုပျက်ယွင်းစရာတစ်ခု ဖြစ်ခဲ့သည်။ မဲရုံဝန်ထမ်းများမှ ဥပဒေ၊ နည်းဥပဒေများနှင့် ရွေးကောက်ပွဲလုပ်ငန်းစဉ်အားမကျွမ်းကျင်မှုကြောင့်လည်းကောင်း၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်မှ သေချာစွာညွှန်ကြားမှုများအားနည်းခြင်းကြောင့်လည်းကောင်း မလိုလားအပ်သော ပြဿနာများ ဖြစ်ပေါ်ခဲ့သည်။ ဝင်ရောက်ယှဉ်ပြိုင်သော ကိုယ်စားလှယ်လောင်းများကိုယ်စား မဲရုံကိုယ်စားလှယ် ခန့်အပ်ထားရှိခွင့်ကို မဲရုံဝန်ထမ်းအချို့မှ မသိရှိသည့်အတွက် ၄င်းကိုယ်စားလှယ်များအား မဲရုံအတွင်းသို့ အဝင်မခံခြင်း၊ အငြင်းပွားခြင်းများ ဖြစ်ပေါ်ခဲ့သည်။

မဲရေတွက်ခြင်းဖြစ်စဉ်တွင် တိကျသေချာသည့် လုပ်ငန်းစဉ်များ အားနည်းခဲ့သော်လည်း၊ အနည်းငယ်အငြင်းပွားမှုများမှအပ အများစုမှာ ပြေလည်စွာ ပြီးစီးခဲ့သည်ကိုတွေ့ရသည်။ ခြုံငုံသုံးသပ်ရလျှင် အားနည်းချက်များ ထင်ရှားစွာရှိနေသည်ကို တွေ့ရပြီး၊ တရားဝင်စောင့်ကြည့်လေ့လာခွင့်မရသည့်အတွက် ရွေးကောက်ပွဲပွင့်လင်းမြင်သာမှုမှာ အလွန်နည်းပါးခဲ့သည်။ အထက်ပါဖြစ်စဉ်များအား ရာခိုင်နှုန်းမည်မျှရှိသည်ဟူသော လေ့လာဆန်းစစ်ခြင်းအား မဆောင်ရွက်နိုင်ခဲ့ပါ။

# အကြံပြုတင်ပြချက်များ

1. ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ ရွေးကောက်တင်မြှောက်ခြင်းဆိုင်ရာ နည်းဥပဒေအား အများ ပြည်သူ ကျေလည်စွာ လက်ခံနိုင်သည့် ဥပဒေများဖြစ်လာစေရန် ပြန်လည်ပြင်ဆင်သင့်သည်။
2. မြို့တော်ဝန်အား အများဆန္ဒဖြင့် ရွေးကောက်တင်မြှောက်ရန် အကြံပြုပါသည်။
3. အသက်ပြည့်ပြီးသူ နိုင်ငံသားတိုင်း ဆန္ဒမဲပေးပိုင်ခွင့်ကို အာမခံသင့်သည်။
4. ကိုယ်စားလှယ်လောင်းများ၏ အရည်အချင်းများတွင် အသက်အရွယ်ကန့်သတ်ချက်၊ တစ်ဆက်တည်းအနည်းဆုံးနေထိုင်သည့်နှစ်၊ စသည့် ကန့်သတ်ချက်များအား ဖြေလျှော့ပေးရန် အကြံပြုပါသည်။
5. စည်ပင်ရွေးကောက်ပွဲအတွက် လုံလောက်သောပြင်ဆင်ချိန်ပေးနိုင်ရန်အတွက် ရွေးကောက်ပွဲအား လုံလောက်သောအချိန်ကာလတစ်ခု၌ ကြိုတင်ကြေငြာသင့်သည်။
6. ရွေးကောက်ပွဲ လေ့လာစောင့်ကြည့်ရေးအဖွဲ့အများအား စည်ပင်ရွေးကောက်ပွဲကို လေ့လာစောင့်ကြည့်နိုင်ရန် တရားဝင်ခွင့်ပြုပေးသင့်သည်။
7. ရွေးကောက်ပွဲလုပ်ငန်းစဉ်တိုင်းအတွက် တိကျသည့်လုပ်ငန်းစဉ်များကို ကြိုတင်ချမှတ်ရေးဆွဲထားသင့်သည်။
8. မဲဆန္ဒရှင်စာရင်းအား အများပြည်သူနှင့် ကဏ္ဍစုံမှပါဝင်သူများကို ဖိတ်ခေါ်ပြီး စာရင်းပြုစုရန် အကြံပြုပါသည်။
9. စည်ပင်ရွေးကောက်ပွဲကော်မရှင်ဝန်ထမ်းများနှင့် မဲရုံဝန်ထမ်းများအား ရွေးကောက်ပွဲဆိုင်ရာ စွမ်းရည်မြင့်တင်ရေးသင်တန်းများကို ပိုမိုပို့ချသင်ကြားပေးရန် အကြံပြုပါသည်။
10. မဲဆန္ဒရှင်ပြည်သူများအတွက် မဲဆန္ဒရှင်အသိပညာပေးမှုများ၊ ရွေးကောက်ပွဲသတင်းအချက်အလက်များအား ဖြန့်ဖြူးဆောင်ရွက်ပေးရန် အကြံပြုပါသည်။
11. ရွေးကောက်ပွဲလုပ်ငန်းစဉ်များအား ပွင့်လင်းမြင်သာစွာ ဆောင်ရွက်ရန် အကြံပြုပါသည်။
12. ရွေးကောက်ပွဲလုပ်ငန်းစဉ်များတွင် ကဏ္ဍစုံမှအဖွဲ့အစည်းများ၊ ပြည်သူများနှင့် ပူးပေါင်းဆောင်ရွက်ရန် အကြံပြုပါသည်။
13. ရွေးကောက်ပွဲပစ္စည်း၊ ပစ္စယများအား စံချိန်စံညွှန်းများနှင့်အညီဖြစ်စေရန် ပြင်ဆင်သင့်ပါသည်။
14. ရွေးကောက်ပွဲအပြီးတွင် ရွေးကောက်ပွဲမသမာမှုများ၊ အရည်အချင်းပျက်ယွင်းမှုများနှင့်ပတ်သက်ပြီး စည်ပင်ရွေးကောက်ပွဲကော်မရှင်မှ ခုံရုံးများဖြင့် ပြင်ဆင်ထားရှိရန် အကြံပြုပါသည်။
15. ကော်မရှင်သည် ခုံအဖွဲ့၏ဆုံးဖြတ်ပိုင်ခွင့်ကို ထားရှိသင့်ပြီး၊ ကော်မရှင်နှင့် တိုင်းဒေသကြီး တရားရေးပညာရှင်များပါဝင်သည့် အယူခံအဖွဲ့ကိုသာ ဖွဲ့စည်းသင့်သည်။

# နိဂုံး

လက်ရှိကျင်းပပြီးစီးခဲ့သော ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီအဆင့်ဆင့် ရွေးကောက်ပွဲသည် အားနည်းချက်များရှိခဲ့သော်လည်း အနာဂါတ်ကာလ ဒေသန္တရရွေးကောက်ပွဲများအတွက် များစွာအရေးပါပြီး၊ ဒီမိုကရေစီစနစ်နှင့် တိုင်းပြည်တည်ဆောက်ရေးတွင် အရေးပါသောခြေလှမ်းတစ်ခု ဖြစ်ခဲ့သည်။ ရန်ကုန်မြို့သည် ပြည်ထောင်စုမြန်မာနိုင်ငံတော်တွင်နေထိုင်သည့် လူဦးရေအထူထပ်ဆုံးနေရာဖြစ်သည့်အပြင်၊ ဖွံ့ဖြိုးတိုးတက်မှုနှင့် မြို့ပြလူနေမှုစနစ်အတွက် များစွာအရေးပါသောမြို့ဖြစ်သည်။ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီသည် နိုင်ငံအတွင်းရှိ အခြားသောဒေသများနှင့် နှိုင်းယှဉ်လျှင် နှစ်စဉ်အသုံးစရိတ်ကြီးမားပြီး၊ မြန်မာနိုင်ငံ၏ ဦးဆောင်မြို့တစ်မြို့အနေဖြင့်လည်း အရေးကြီးသည့်အစိတ်အပိုင်းတစ်ခုဖြစ်သည်။ ထို့ကြောင့် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီအဆင့်ဆင့် ရွေးကောက်ပွဲအား ပိုမိုတိုးတက်စေပြီး၊ ပြည်သူအများရွေးချယ်သော ကိုယ်စားလှယ်များနှင့်အတူ ပြည်သူတို့၏ပူးပေါင်း ဆောင်ရွက်ခြင်းဖြင့် တိုင်းပြည်တည်ဆောက်ရေးတွင် အုပ်ချုပ်ရေးဆိုင်ရာ ကောင်းမွန်သောစံနမူနာများဖြင့် ရှေ့ဆောင်လမ်းပြဖြစ်စေသင့် သည်မှာ အမှန်ပင်ဖြစ်သည်။

ထို့အတွက် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီအဆင့်ဆင့် ရွေးကောက်ပွဲနှင့်အတူ အခြားသောဒေသန္တရရွေးကောက်ပွဲများ၊ နောင်အနာဂါတ်ရွေးကောက်ပွဲများအား၊ အားလုံးပါဝင်သည့်၊ ပွင့်လင်းမြင်သာမှုရှိသော၊ လွတ်လပ်ပြီး တရားမျှတသည့် ရွေးကောက်ပွဲများဖြစ်ပေါ်လာစေရန် ကဏ္ဍစုံမှ ပါဝင်ပတ်သက်သူအားလုံးကို တိုက်တွန်းရင်း ဤအစီရင်ခံစာကို တင်ပြလိုက်ရပါသည်။

NEW MYANMAR FOUNDATION (NMF)

"Building a Strong Foundation for Our Society"

# New Myanmar Foundation (NMF) အဖွဲ့အကြောင်းအကျဉ်းချုပ်

New Myanmar Foundation (NMF) အဖွဲ့အား (၂၀၀၈) ခုနှစ်တွင် Cyclone Nargis ၌ လူမှုကယ်ဆယ်ရေး အဖွဲ့အဖြစ် စတင်ဖွဲ့စည်းခဲ့သည်။ (၂၀၁၀) ခုနှစ်မှစတင်၍ ဒီမိုကရေစီနှင့် ရွေးကောက်ပွဲ လေ့လာစောင့်ကြည့်ခြင်းအား ဆောင်ရွက်လာခဲ့ပြီး၊ လွတ်လပ်သောရွေးကောက်ပွဲများဆိုင်ရာ အာရှကွန်ယက် (Asian Network for Free Elections – ANFREL) အဖွဲ့နှင့် အခြားသော နိုင်ငံတကာအဖွဲ့အစည်းများမှ မှ ရွေးကောက်ပွဲ စောင့်ကြည့်လေ့လာခြင်းဆိုင်ရာ နည်းပညာများ ရယူခဲ့သည်။ (၂၀၁၁) ခုနှစ်မှစတင်၍ အရပ်ဖက်လူမှုအဖွဲ့အစည်း (Civil Society Organizations – CSOs) အဖြစ် ဒီမိုကရေစီဖြစ်စဉ်များနှင့် ပြည်သူ့နီတိဖော်ဆောင် သင်ကြားရေးများတွင် တက်ကြွစွာ ပါဝင်လာခဲ့သည်။

(၂၀၁၂)ခုနှစ် ကြားဖြတ်ရွေးကောက်ပွဲတွင် နိုင်ငံသား ရွေးကောက်ပွဲလေ့လာစောင့်ကြည့်ရေးအား ဆောင်ရွက်ခဲ့ပြီး၊ ရွေးကောက်ပွဲအသိပညာပေးရေးနှင့် လေ့လာစောင့်ကြည့်ရေးလုပ်ငန်းများ၊ သင်တန်းများ ဖြန့်ဝေပို့ချပေးခဲ့သည်။ NMF အဖွဲ့ဝင်များ၏ နိုင်ငံတကာ ရွေးကောက်ပွဲလေ့လာစောင့်ကြည့်ရေး အတွေ့အကြုံများအား ပြည်တွင်း၌ ပြန်လည်ဖြန့်ဝေပေးနိုင်ခဲ့သည်။

(၂၀၁၄) ခုနှစ်တွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်နှင့် ပူးပေါင်း၍ မဲဆန္ဒရှင်စာရင်း ရှေ့ပြေးစီမံချက်အား ဆောင်ရွက်ခဲ့သည်။

# နောက်ဆက်တွဲ (၁) – အုပ်ချုပ်မှုနှင့် စည်ပင်မြို့နယ်များ နှိုင်းယှဉ်ချက်

| ရန်ကုန်(မြောက်ပိုင်း) ခရိုင် | | | |
|---|---|---|---|
| စဉ် | အုပ်ချုပ်မှုမြို့နယ် | စဉ် | စည်ပင်မြို့နယ် |
| ၁ | တိုက်ကြီး | ၁ | ကမာရွတ် |
| ၂ | ထန်းတပင် | ၂ | မရမ်းကုန်း |
| ၃ | မင်္ဂလာဒုံ | ၃ | မင်္ဂလာဒုံ |
| ၄ | မှော်ဘီ | ၄ | ရွှေပြည်သာ |
| ၅ | ရွှေပြည်သာ | ၅ | လှိုင် |
| ၆ | လှည်းကူး | ၆ | လှိုင်သာယာ |
| ၇ | လှိုင်သာယာ | ၇ | အင်းစိန် |
| ၈ | အင်းစိန် | | |

| ရန်ကုန်(အရှေ့ပိုင်း) ခရိုင် | | | |
|---|---|---|---|
| စဉ် | အုပ်ချုပ်မှုမြို့နယ် | စဉ် | စည်ပင်မြို့နယ် |
| ၁ | တာမွေ | ၁ | တောင်ဥက္ကလာပ |
| ၂ | တောင်ဥက္ကလာပ | ၂ | ဒဂုံမြို့သစ် (ဆိပ်ကမ်း) |
| ၃ | ဒဂုံမြို့သစ်ဆိပ်ကမ်း | ၃ | ဒဂုံမြို့သစ်တောင်ပိုင်း |
| ၄ | ဒဂုံမြို့သစ်တောင်ပိုင်း | ၄ | ဒဂုံမြို့သစ်မြောက်ပိုင်း |
| ၅ | ဒဂုံမြို့သစ်မြောက်ပိုင်း | ၅ | ဒဂုံမြို့သစ်အရှေ့ပိုင်း |
| ၆ | ဒဂုံမြို့သစ်အရှေ့ပိုင်း | ၆ | မြောက်ဥက္ကလာပ |
| ၇ | ဒေါပုံ | ၇ | သဃ်န်းကျွန်း |
| ၈ | ပုဇွန်တောင် | | |
| ၉ | ဗိုလ်တထောင် | | |
| ၁၀ | မင်္ဂလာတောင်ညွန့် | | |
| ၁၁ | မြောက်ဥက္ကလာပ | | |
| ၁၂ | ရန်ကင်း | | |
| ၁၃ | သဃ်န်းကျွန်း | | |
| ၁၄ | သာကေတ | | |

| ရန်ကုန်(တောင်ပိုင်း) ခရိုင် | | | |
|---|---|---|---|
| စဉ် | အုပ်ချုပ်မှုမြို့နယ် | စဉ် | စည်ပင်မြို့နယ် |
| ၁ | ကျောက်တန်း | ၁ | ဆိပ်ကြီးခနောင်တို |
| ၂ | ကွမ်းခြံကုန်း | ၂ | တာမွေ |
| ၃ | ကိုကိုးကျွန်း | ၃ | ဒလ |
| ၄ | ကော့မှူး | ၄ | ဒေါပုံ |
| ၅ | ခရမ်း | ၅ | ပုဇွန်တောင် |
| ၆ | ဆိပ်ကြီးခနောင်တို | ၆ | ဗိုလ်တထောင် |
| ၇ | တွံတေး | ၇ | မင်္ဂလာတောင်ညွန့် |
| ၈ | ဒလ | ၈ | ရန်ကင်း |
| ၉ | သန်လျှင် | ၉ | သာကေတ |
| ၁၀ | သုံးခွ | | |

| ရန်ကုန်(အနောက်ပိုင်း) ခရိုင် | | | |
|---|---|---|---|
| စဉ် | အုပ်ချုပ်မှုမြို့နယ် | စဉ် | စည်ပင်မြို့နယ် |
| ၁ | ကမာရွတ် | ၁ | ကျောက်တံတား |
| ၂ | ကျောက်တံတား | ၂ | ကြည့်မြင်တိုင် |
| ၃ | ကြည့်မြင်တိုင် | ၃ | စမ်းချောင်း |
| ၄ | စမ်းချောင်း | ၄ | ဆပ်ကမ်း |
| ၅ | ဆိပ်ကမ်း | ၅ | ဒဂုံ |
| ၆ | ဒဂုံ | ၆ | ပန်းဘဲတန်း |
| ၇ | ပန်းပဲတန်း | ၇ | ဗဟန်း |
| ၈ | ဗဟန်း | ၈ | လမ်းမတော် |
| ၉ | မရမ်းကုန်း | ၉ | လသာ |
| ၁၀ | လမ်းမတော် | ၁၀ | အလုံ |
| ၁၁ | လသာ | | |
| ၁၂ | လှိုင် | | |
| ၁၃ | အလုံ | | |

မှတ်ချက်။ ။ အချို့သော စည်ပင်မြို့နယ်များမှာ အုပ်ချုပ်မှုဆိုင်ရာမြို့နယ်၏ တစ်စိတ်တစ်ပိုင်းသာ ရှိသည်။

## စည်ပင်နယ်နမိတ်တွင် တစ်စိတ်တစ်ပိုင်း (သို့မဟုတ်) အကုန်လုံးမပါဝင်သောမြို့နယ်များ

1. မော်ဘီ
2. လှည်းကူး
3. တိုက်ကြီး
4. ထန်းတပင်
5. သန်လျှင်
6. ကျောက်တန်း
7. သုံးခွ
8. ခရမ်း
9. တွံတေး
10. ကော့မှူး
11. ကွမ်းခြံကုန်း
12. ကိုကိုးကျွန်း

# နောက်ဆက်တွဲ (၂) – မြို့နယ်အလိုက် မဲရုံအရေအတွက်

| စဉ် | ခရိုင် | မြို့နယ် | မဲရုံအရေအတွက် |
|---|---|---|---|
| ၁ | အရှေ့ | တောင်ဥက္ကလာပ | ၃၁ |
| ၂ | အရှေ့ | မြောက်ဥက္ကလာပ | ၈၂ |
| ၃ | အရှေ့ | သဃ်န်းကျွန်း | ၃၂ |
| ၄ | အရှေ့ | ဒဂုံမြို့သစ်တောင်ပိုင်း | ၇၁ |
| ၅ | အရှေ့ | ဒဂုံမြို့သစ်မြောက်ပိုင်း | ၄၁ |
| ၆ | အရှေ့ | ဒဂုံမြို့သစ်အရှေ့ပိုင်း | ၂၈ |
| ၇ | အရှေ့ | ဒဂုံမြို့သစ် (ဆိပ်ကမ်း) | ၁၉ |
| ၈ | အနောက် | ကြည့်မြင်တိုင် | ၃၄ |
| ၉ | အနောက် | ကျောက်တံတား | ၁၀ |
| ၁၀ | အနောက် | စမ်းချောင်း | ၁၈ |
| ၁၁ | အနောက် | ဒဂုံ | ၆ |
| ၁၂ | အနောက် | ပန်းဘဲတန်း | ၁၁ |
| ၁၃ | အနောက် | ဗဟန်း | ၂၉ |
| ၁၄ | အနောက် | လသာ | ၉ |
| ၁၅ | အနောက် | လမ်းမတော် | ၅ |
| ၁၆ | အနောက် | အလုံ | ၁၆ |
| ၁၇ | အနောက် | ဆိပ်ကမ်း | ၁ |
| ၁၈ | တောင် | ဆိပ်ကြီးခနောင်တို | ၁၅ |
| ၁၉ | တောင် | တာမွေ | ၄၁ |
| ၂၀ | တောင် | ဒလ | ၅၇ |
| ၂၁ | တောင် | ဒေါပုံ | ၂၂ |
| ၂၂ | တောင် | ပုဇွန်တောင် | ၁၅ |
| ၂၃ | တောင် | ဗိုလ်တထောင် | ၁၂ |
| ၂၄ | တောင် | မင်္ဂလာတောင်ညွန့် | ၃၀ |
| ၂၅ | တောင် | ရန်ကင်း | ၂၂ |
| ၂၆ | တောင် | သာကေတ | ၄၃ |
| ၂၇ | မြောက် | ကမာရွတ် | ၂၁ |

| | | | |
|---|---|---|---|
| ၂၈ | မြောက် | မရမ်းကုန်း | ၃၉ |
| ၂၉ | မြောက် | မင်္ဂလာဒုံ | ၇၆ |
| ၃၀ | မြောက် | ရွှေပြည်သာ | ၆၄ |
| ၃၁ | မြောက် | လှိုင် | ၃၀ |
| ၃၂ | မြောက် | လှိုင်သာယာ | ၆၃ |
| ၃၃ | မြောက် | အင်းစိန် | ၇၃ |
| **စုစုပေါင်း -** | | | **၁၀၈၆** |

# နောက်ဆက်တွဲ (၃) - ကော်မတီအဆင့်ဆင့် ရွေးချယ်ပုံ

| ကော်မတီ အဆင့်ဆင့် | ရန်ကုန်မြို့တော် စည်ပင်သာယာရေး ကော်မတီ | ခရိုင် စည်ပင်သာယာရေး ကော်မတီ | မြို့နယ် စည်ပင်သာယာရေး ကော်မတီ | (စုစုပေါင်း) |
|---|---|---|---|---|
| ကော်မတီဝင်များ | ၉ | ၅ | ၅ | ၁၉ |
| ကော်မတီ (မဲဆန္ဒနယ်) အရေအတွက် | ၁ | ၄ | ၃၃ | ၃၈ |
| ကော်မတီဝင် စုစုပေါင်း | ၉ | ၂၀ | ၁၆၅ | ၁၉၄ |
| အစိုးရခန့်အပ် | ၅ | ၈ | ၆၆ | ၇၉ |
| ရွေးချယ်သည့် နေရာအရေအတွက် စုစုပေါင်း | ၄ | ၁၂ | ၉၉ | ၁၁၅ |